စင်စစ် အလ္လာဟ်အရှင်မြတ်သည် ငါကိုယ်တော်

၏အွမ္မသ်သားများအား ၎င်းတို့၏ စိတ်နှလုံးထဲ

ပေါ်ပေါက်လာသော အတွေးများကိုလက်တွေ့မပြုလုပ်မ‌ပြောမဆိုသ‌ရွေ့အရေးယူတော်မူမည်မဟုတ်ပေ။”

အဗူဟူရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "စင်စစ် အလ္လာဟ်အရှင်မြတ်သည်
ငါကိုယ်တော် ၏အွမ္မသ်သားများအား ၎င်းတို့၏ စိတ်နှလုံးထဲ ပေါ်ပေါက်လာသော
အတွေးများကို လက်တွေ့မပြုလုပ်မ‌ပြောမဆိုသ‌ရွေ့ အရေးယူတော်မူမည်မဟုတ်ပေ။”
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ - မုစ်လင်မ်တစ်ဦးသည်စိတ်နှလုံးထဲသို့ ရောက်ရှိလာသော မကောင်းသည့် အတွေးများကိုလက်တွေ့မပြုလုပ်မ‌ပြောဆိုသရွေ အပြစ်ပေးခြင်းခံရမည်မဟုတ်‌ပေ။ အဘယ်ကြောင့်ဆိုသော်အလ္လာဟ်အရှင်မြတ်သည် အခက်အခဲကိုရုပ်သိမ်းပြီး ခွင့်လွှတ်တော်မူကာ တမန်တော်မုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ၏အွမ္မသ်သားများအား စိတ်နှလုံးထဲဝယ် ပေါ်ပေါက်လာပြီးမတည်မြဲသေးသော၊ စိတ်ထဲစွဲမြဲမှုမရှိသေးသော အတွေးအမြင်များအတွက် အပြစ်ပေး‌တော်မမူပေ။သို့သော် မာန်မာန၊ ဝါကြွားခြင်းနှင့် နိဖားက်အယောင်ဆောင်ခြင်းစသော မကောင်းသည့်အတွေးများ စိတ်ထဲတွင် စွဲမြဲနေပြီး အခြေတကျဖြစ်နေလျှင်၊ သို့မဟုတ်ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများဖြင့် ပြုလုပ်လိုက်လျှင် သို့မဟုတ်နှုတ်ဖြင့်ပြောဆိုလိုက်လျှင် ထိုသူသည် အပြစ်ပေးခြင်းခံရမည် ဖြစ်သည်။

https://sunnah.global/hadeeth/my/show/58144